မရင်းကုန်းကျေးရွာ

မိုးညှင်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မရင်းကုန်း ကျေးရွာ၊ မိုးညှင်းမြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

မရင်းကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ် ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် **၈**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်အား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၆

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၇

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၁၉

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၀
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၉

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၃၀
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၄

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃-ခစိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေ ၇၂

ကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၇၄

ကိုးကားစာရင်း ၇၈

အတိုကောက်စကားလုံးများ

AIDS	ခုခံအားကျဆင်းမှုရောဂါ
DRD	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
HIV	ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်
MADB	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
MEB	မြန်မာ့စီးပွားရေးဘဏ်
MMK	မြန်မာကျပ်
MoALI	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
NGO	အစိုးရမဟုတ်သောအဖွဲ့အစည်း

PRA	ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း
SLRD	ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
STD	လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ
PTA	မိဘဆရာအသင်း
TB	တီဘီရောဂါ
VDG	ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကို လည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာ နမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှ လည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အ တွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင် ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင် ပါသည်။

စက်တင်ဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
မရင်းကုန်းကျေးရွာ
မိုးညှင်းမြို့နယ်

မရင်းကုန်းကျေးရွာ၊ အရင်းအမြစ်ပြမြေပုံ

မိုးညှင်းမြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁။ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုနိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင်ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့်နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့်ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေ ပြီးကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို ုမြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါ မည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီးအမြင်ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်း

နိုင်မည့်စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအ စဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

မရင်းကုန်းကျေးရွာသည် မန္တလေး-ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုကာလမ်းမကြီးဘေး တွင် တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ မိုးညှင်းမြို့နှင့်(၃)မိုင်ကွာဝေးသည်။ မိုးညှင်းမြို့နှင့် ဆက် သွယ်သွားလာရလွယ်ကူသည်။ ရွာ၏ အရှေ့ဖက် တွဲဘက်အထက်တန်းကျောင်း၊ စျေးနှင့်ဘူတာငယ် မီးရထားဘူတာရုံငယ်ရှိသည့် ညောင်ကုန်းရွာနှင့် (၁)မိုင်ကျော်ဝေးပြီး ရွာ၏အနောက်မြောက်ဖက် အထက်တန်းကျောင်း၊ စျေးရှိသည့် ဘီးလူးမြို့ကျေးရွာကြီးနှင့် (၂)မိုင်ကွာဝေးသည်။ မိုးညှင်းမြို့၊ ဘီး လူးမြို့ကျေးရွာကြီး၊ ညောင်ကုန်းကျေးရွာတို့နှင့်လည်း ဆက်သွယ်သွားလာရလွယ်ကူသည်။ ကျေးရွာ သည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်သည်။ မိုးရေချိန်လက်မ ၁၀၀ ကျော်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အထောက်အကူပြု သည်။

ကျေးရွာ၏ အရှေ့ဖက်(၆)မိုင်အကွာအဝေးတွင် ကံ့ကော်တောင်တန်းရှိပြီး အနောက်ဖက်(၆) မိုင် အကွာအဝေးတွင်လည်း မှန်ကာင်းတောင်တန်းများတည်ရှိသည်။ ကျေးရွာသည် ထိုတောင်တန်း နှစ်ခုအကြား၏ အလယ်ဗဟိုမှာ တည်ရှိသည်။ မှန်ကာင်းတောင်တန်းမှနေ၍ ချောင်းဖျားခံပြီးစီး ဆင်းလာကြသော နန့်ဆေးချောင်းနှင့် နန့်လောင်ကွမ်ဆွမ်ချောင်း တို့သည် ကျေးရွာ၏အနီးမှ ဖြတ် သန်းစီးဆင်းသွားကြသည်။ မြေပြင်အနေအထားမှာ မြေပြန့်ဖြစ်သည်။ လယ်ယာမြေများသည် စပါး၊ ပဲအမျိုးမျိုး၊ အာလူးနှင့် ကြက်သွန်စိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းရန်အ တွက် အထားရာဖြစ်သည်။

(ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေအသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့်ကောင်းမွန် သည်။ ကျေးရွာတွင် သဘာဝ သယံဇာတမထွက်ရှိပါ။ တောင်သူများအားလုံးသည် မှန်ကင်းတောင် တန်းမှ ချောင်ဖျားခံ၍ စီးဆင်းလာသော ချောင်းများမှ ရေကိုဆည်ယူ၍ လယ်မြေကေပါင်း ထောင် ချီ၍ ရေသွင်းစိုက်ပျိုးနိုင်သည်။ စိုက်ပျိုးရာတွင် မြေအောက်ရေ အသုံးပြုမှုမရှိပါ။ ထွန်ယက်စိုက်ပျိုး နိုင်သည့်ကေပါင်း( )ကေရှိပြီး စပါးနှင့် ပဲငပိ၊ မြေပဲကို အဓိကထား၍ စိုက်ပျိုးကြသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၈၀)စုနှင့် ကျား(၅၆၈)ဦး၊ မ(၅၅၂)ဦးဖြင့် လူဦးရေစုစုပေါင်း(၁၁၂၀)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦးနှုန်းရှိသည်။ ကျေးရွာတွင် တိုင်လုံခေါ် ရှမ်းကြီး ရှမ်းလူမျိုးအများစုနေထိုင်ကြပြီး ဗမာလူမျိုး ၁၀% နေထိုင်သည်။ အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ ၈၀% ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက်(၆)% မျှ ပိုများသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး၊ ခါတ်သတ္တုထွက်ရှိရာ ဒေသများသို့သွားရောက်ပြီး လုပ်ငန်းလုပ်ရာမှလည်း ဝင်ငွေရရှိသည်။ တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ လျော့နည်းသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၆၀%သည် ဆင်းရဲ အဆင့်အဖြစ်ခံယူပြီး ၁၀% သည်ချမ်းသာအဆင့်၊ ၃၀% သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမှီမှု၊ လယ်ယာသုံးစက်ကိရိယာများပိုင်ဆိုင်မှုနှင့် ဆည်ရေသွင်းစိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာစီးပွားရေး အတင့်အသင့်ကောင်းမွန်သည်ဟု ပြောနိုင်သည်။ ချမ်းသာသောလယ်သမားအိမ်ထောင်စုများအပြင် အခြားလယ်သမားအိမ်ထောင်စု အချို့မှာလည်း အသေးစားအိမ်တွင်းစားသောက်ကုန်ထုတ်လုပ်ငန်းများလည်း ထုတ်လုပ်ရောင်းချကြသည်။ ငွေချေးသော အိမ်ထောင်စုအချို့နှင့် အစိုးရဝန်ထမ်းအချို့လည်း ငွေရေးကြေးရေး အသင့်အတင့် အဆင်ပြေကြသည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ကြပြီး မြေယာအနည်းငယ် ပိုင်ဆိုင်သောလယ်သမားများ၊ လက်လုပ်လက်စား၊ နေ့စားအလုပ်သမားများနှင့် မြေယာမဲ့အိမ်ထောင်စုများ ပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုအရေအတွက် မြင့်မားပြီး ဆင်းရဲ၊ အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများဖြစ်ကြသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက်လယ်ယာလုပ်ငန်း၊ အခင်းသီးနှံလုပ်ငန်း၊ အိမ်စျေးဆိုင်တည်ကာ ကုန်စုံရောင်းလုပ်ငန်း၊ ဆိုင်ကယ်ဖြင့်ကယ်ရီလှည့်၍ စားသောက်ကုန်ရောင်းဝယ်လုပ်ငန်းများ၊ ဆန်ကြိတ်စက်၊ တစ်နိုင်တစ်ပိုင် နွားမွေးမြူရေးလုပ်ငန်း

များတွင် အလုပ်အကိုင်ရှာဖွေရရှိနိုင်သည်။ ကျေးရွာမှ ဆင်းရဲနှင့်အလွန်ဆင်းရဲ အိမ်ထောင်စု အချို့၏ (၅)% သည် တစ်ပါးထံမှ ချေးငှားစရာမလိုပဲ စားဝတ်နေရေးကို ဖြေရှင်းနိုင်ကြောင်း တွေ့ရှိရသည်။

အိမ်ထောင်စုအားလုံး၏ (၆)%ခန့်သည် အမျိုးသမီးဦးဆောင် အိမ်ထောင်စုများဖြစ်ကြပြီး ထိုအိမ်ထောင်စုများမှာ ဆင်းရဲကြသည်။ ရွာပြင်ပသို့ သွားရောက်ပြီး ဝင်ငွေရရှိရေးအတွက် ဥပမာ-ကျောက်စိမ်း၊ ရွှေထွက်ရှိရာ ဒေသများသို့အလုပ်သွားရောက်လုပ်ကိုင်ကြသည့် လူငယ်လူရွယ်များသည် ကူးစက်တတ်သည့် ရောဂါများကို လိင်မှတစ်ဆင့်ကူးဆက်ရပြီး၊ အရက်နှင့်မူးယစ်ဆေးဝါးသုံးစွဲမှု အန္တရာယ်တို့ ရှိနေကြသည်။ ကျေးရွာသည် ပြည်ထောင်စုလမ်းမကြီး(အဝေးပြေးကားလမ်း)နံဘေးတွင် တည်ရှိနေသော်လည်း ယာဉ်မတော်တဆဖြစ်ပွားမှု အလွန်နည်းပါးသည်။ ရွာသားအချို့ထိခိုက် ဒဏ်ရာရမှုများမရှိပါ။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားများသည် သာမန်အားဖြင့်ကျန်းမာရေးကောင်းမွန်ကြပြီး အဟာရ ပြည့်မှုရှိကြသည်။ ကလေးငယ်အများစုသည်လည်း ကျန်းမာကြသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံ ကျန်းမာရေးစောက်ရှောက်မှုများကို ကျေးရွာတွင်းရရှိနိုင်ကြပြီး (၃)မိုင်သာကွာပဝေးပြီး ကားလမ်းဖြင့် အလွယ်တကူသွားလာနိုင်သော မြို့နယ်ဆေးရုံ၊ ဆေးဆိုင်များနှင့်လည်းလက်လှမ်းမှီသည်။

မရင်းကုန်းကျေးရွာတွင် လက်နှိပ်တုံကင် မော်တာသုံးတုံကင်များမှ မြေအောက်ရေအား အလွယ်တကူရရှိနိုင်ပြီး ဝမ်းပျက်၊ ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်စသော ရောဂါဖြစ်ပွားမှုများ နည်းပါးကြောင်းတွေ့ရသည်။

(င) ပညာရေး၊ ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိပါသည်။ ရွာသားအများစုသည် အခြေခံ အရေး၊ အဖတ်၊ အတွက်တိုက်ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက်အသင့်အတင့်ရှိသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိ မူလတန်းကျောင်းတွင် သင်ကြားနိုင်ပြီး၊ အလယ်တန်း၊ အထက်တန်းကျောင်းခွဲ၊ အဆင့်ကို ကျေးရွာနှင့်(၁)မိုင်ကွာဝေးသည့် ညောင်ကုန်းကျေးရွာနှင့် (၂)မိုင်ကွာဝေးသည့်ဘီးလူးမြို့ကျေးရွာများရှိ ကျောင်းများသို့ တက်ရောက်သင်ကြား

နိုင်ကြသည်။ သို့သော် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

(စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ

ကျေးရွာတွင် ကျား-မ ရေးရာဆိုင်ရာ တာဝန်ယူမှုမှုအပိုင်တွင်လည်း သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မ အကြားပြင်ထန်သော အိမ်းတွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမရှိပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီများသည် ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်။ မူလတန်းအဆင့်၊ အလယ်တန်းနှင့်အထက်တန်းအဆင့်များတွင် မ အရေအတွက်မှာ ကျား အရေအတွက်ထက်ပိုများနေ၍ ပညာသင်ယူရေးဆိုင်ရာဦ အခွင့်အရေးမှာ ကျားနှင့်မ အတူတူပင်ဖြစ်သည်။ သို့သော် နေ့တွက်လုပ်အားခများမှာ အမျိုးသားများက ပိုမိုရရှိကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီပါဝင်မှုတို့မှာ မရှိသလောက်ပင်ဖြစ်သည်။ ကျား-မ တန်းတူညီမျှနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင့်ဆောင်ရွက်ပေးခြင်းဖြင့် ပိုမို အထောက်အပံ့ဖြစ်လာနိုင်ပါသည်။

၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ထန်းတပင်ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း(၅)ဖွဲ့၊ ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ(၂)ဖွဲ့ရှိသည်။ ယင်းအဖွဲများအနက် အမျိုးသမီးရေးရာအဖွဲ့မှာ လှုပ်ရှားဆောင်ရွက်မှုအားနည်းသည်။ ကရုဏာရှင် လူမှုကူညီရေးအသင်းမှာ နာရေးကိစ္စအပါအဝင် လူမှုရေးလုပ်ငန်းများ လှုပ် ရှား ေဆာင်ရွက်မှုအားနည်းသေးသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့အ ကြား ချိတ်ဆက်ဆောင်ရွက်မှု အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုပိုမိုတိုးတက် ကောင်းမွန်လာနိုင်ပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးနှင့် ပဲငပိ၊ မြေပဲကို အဓိကထားစိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက (၄၄၈)ရှိပြီး သီးထပ်အဖြစ် ပဲငပိ(၄၀၀)ဧကကို စိုက်ပျိုးကြသည်။ မိုးစပါး ပျှမ်းမျှအထက်မှာ (၉၀) တင်းနှင့် ပဲငပိ(၂၀)တင်းနှုန်းထွက်ရှိကြသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ရရှိနိုင်ကြပြီး စိုက်ပျိုးရေးပစ္စည်းကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများပေးသည်။ အချို့တောင်သူများမှာ အလုပ်သမားရှားပါးမှုနှင့် ကုန်ကျစရိတ်မြှင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန် စပါးစိုက်ရာတွင် စိုက်ပျိုးစပါးအသစ်နှင့်နည်းလမ်းအသစ်ကို ကြိုးစားရှာကြံစမ်းသပ်စိုက်ပျိုးကြသည်။ တောင်သူများ

သည်တစ်ခါတစ်ရံတွင် မိုးရွာသွန်းမှုမညီမျှမှု ရင်ဆိုင်ရတတ်သည်။ ပဲငပိစိုက်ခင်းကြဲခင်းများတွင် ဖျက်ပိုးကျရောက်မှုကို ရံဖန်ရံခါတွင် ရင်ဆိုင်ရတတ်ပြီး တောင်သူများအနေဖြင့် ထိရောက်သော ဖျက်ပိုးနှိမ်နှင်းရေး နည်းစနစ်ကို လိုလားကြပါသည်။

ကျေးရွာတွင် ေရွှေးရိုးအစဉ်အလာ ဘာသာရေးအယူစွဲအရ ဝက်၊ ကြက် မွေးမြူခြင်းမရှိပါ။ ထို့အပြင် ငါးမွေးမြူခြင်းလည်း အလျင်းမရှိပါ။ လယ်ယာမြေလုပ်ငန်းအတွက် ထွန်ယက်စိုက်ပျိုးရန်နှင့် ကုန်ထုတ်သီးနှံများကို သယ်ယူပို့ဆောင်ရန်အတွက် နွားများကို တစ်နိုင်တစ်ပိုင် မွေးမြူကြသည်။ အချို့သောသူများသည် စီးပွားဖြစ် နွားအမြောက်အများ မွေးမြူလိုကြသော်လည်း ငွေကြေးအခက်အခဲလိုအပ်ချက်များရှိကြသည်။ နွားမွေးမြူတိုးချဲ့ဆောင်ရွက်ရန် ချေးငွေ ကိုအလွယ်တကူ မရရှိနိုင်ကြချေ။ ရွာထဲမှ ငွေချေးသူများထံမှ ချေးငှားလျှင်လည်း အတိုးနှုန်းမှာ မြင့်မားတတ်သည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် စားသောက်ကုန်အဖြစ် မုံညှင်းအချဉ်တည်ခြင်း၊ မျှစ်အချဉ်တည်ခြင်း၊ ဝမ်းတိုဟူးပြုလုပ်ခြင်းစသည့် အိမ်းတွင်းမှုလုပ်ငန်းများရှိသည်။ အခြားဝင်ငွေရလုပ်ငန်းများ နေ့စား အလုပ်များ၊ သုံးဘီးဆိုင်ကယ်ဖြင့် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ စျေးရောင်း၊ ဆိုင်ကယ်ဖြင့်သယ်ယူလှည့်လည်၍ စားသောက်ကုန် ဟင်းသီးဟင်းရွက်ရောင်းချခြင်း၊ အစိုးရဝန်ထမ်းလုပ်ငန်းတို့ ဖြစ်ကြသည်။ အခြားလုပ်ငန်းတစ်ခုမှာ ရာသီချိန် မျှစ်ပေါ်ချိန်၌ မျှစ်ချိုးသယ်ယူရောင်းချခြင်းဖြင့် တွက်ခြေကွက်မှုအနည်းအပါးမှ အသင့်အတင့်တွင်ရှိသည်။ လက်လုပ်လက်စားနေ့စားအလုပ်သမားများမှာစိုက်ပျိုးရာသီချိန်နှင့် ရိတ်သိမ်းချိန်တို့၌သာ အလုပ်အကိုင်များပြီး ကျန်အချန်များတွင် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ ကျေးရွာနှင့် သုံးမိုင်ကွာဝေးသော မိုးညှင်းမြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ေဆာင်မှုပေးနိုင်သောလုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မော်တော်ဆိုင်ကယ်ပြင်၊ မော်တော်ကားပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်ရှော့၊ ပန်းပဲ၊ ခမောက်ချုပ်၊ တံမြက်စည်းထိုး၊ ကြိမ်ခြင်းယက်လုပ်ငန်းစသည်တို့သည် သက်မွေးဝမ်းကျောင်းသင်တန်းများ ဖြစ်ကြသော်လည်း ရွားသားအများစုသည် အဆိုပါသင်တန်းများနှင့် အတွေ့နည်းပါးကြသည်။ သင်တန်းစရိတ် အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြချေ။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သာ အပ်ချုပ်၊အလှပြင်၊ ကွန်ပျူတာ စသော သင်တန်းများသို့ အခကြေးငွေ အကုန်အကျခံကာ ပို့လွတ်သင်ကြားကြသည်။

(ဃ)သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ထန်းတပင်ကျေးရွာတွင် လူအသုံးအဆောင်ပစ္စည်းများစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင် လည်း ပလက်စတစ်အိတ်ခွံ ပုလင်းခွံ၊ ဗူးခွံများအား စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်း ကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများတွင် မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

၂၀၁၅ ခုနှစ် မိုးတွင်းတွင် တစ်နိုင်ငံလုံး အတိုင်းအတာနီးပါး ရေးကြီးရေလွှမ်းမှုများဖြစ် ပွားခဲ့ သော်လည်း မိုးညှင်းမြို့နယ် တစ်နယ်လုံးနှင့်အတူ မရင်းကုန်းကျေးရွာသည်လည်း ရေကြီးရေ လွှမ်းခြင်းမှ ကင်းလွတ်ခဲ့သည်။ အရှေ့အနောက်ဝဲယာ (၆)မိုင်ကျော်အကွာအဝေးရှိသော မှန်ကံကော် တောင်တန်းနှင့် မှန်ကင်း တောင်တန်းတို့ ကာဆီးထားသောကြောင့် ကုန်းတွင်းမြေပြန့်လွင်ပြင်ဒေသ ဖြစ်ခြင်းကြောင့်လည်း မုန်တိုင်းဘေးအန္တရာယ်တို့နည်းပါးသည်။ တစ်ခါတစ်ရံ အားေပျော့ သော မုန်တိုင်းဝင်ရောက်မှုကြုံတွေ့ရတတ်သည်။ ယနေ့အချိန်ထိ မိုးခေါင်ခြင်း လုံးဝမိုးမရွာခြင်းကို မကြုံ တွေ့ရပါ။

(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင်မှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေး ငွေအား တစ်နှစ်အတိုးနှုန်း(၇.၈)ကျပ်တိုး တစ်ဧက(၁၅၀၀၀၀)ကျပ်နှုန်းဖြင့် အများဆုံး ဆယ်ဧက အတွက်ချေးယူနိုင်ကြသည်။ ကျေးရွာတွင် ပြင်ပမှ လာရောက်ဖွဲ့စည်းပေးသော ငွေရေးကြေးရေး အဖွဲ့ ရှိပြီးအတိုးနှုန်းသက်သာစွာဖြင့် အသင်းဝင်များ ငွေချေးယူနိုင်ကြသည်။ ငွေချေးပေးသည့် တန် ဘိုးပမာဏ မှာ နည်းပါးသည်။ တစ်ချို့အိမ်ထောင်စုများမှာ ရွာထဲမှ ငွေတိုးချေးစားသူများထံမှ ငွေ ၁၀၀ ကျပ်လျှင်(၇)ကျပ်၊ (၈)ကျပ်၊ (၁၀)ကျပ်၊ (၁၅)ကျပ်အတိုးနှုန်းဖြင့် ယုံကြည်မှုအပေါ်၊ အဆင် ပြေဆက်ဆံရေးအပေါ်မူတည်၍ မိတ်ဆွေ၊ ဆွေမျိုးသားချင်းတော်စပ်သူ မိသားစုဝင်များထံ ငွေချေး ယူနိုင်ကြသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ၊ စားဝတ်နေရေးအတွက်ချေးယူ ကြပြီး ချေးငွေလိုအပ်ချက် အထိုက်အလျောက်ရှိကြောင်း တွေ့ရှိရပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင်းရှိ မူလတန်းကျောင်းကို အလျား(၉၀)ပေ၊ အနံ(၁၈)ပေ၊ အမြင့်(၁၂)ပေ အရွယ် ရှိ သွပ်မိုး၊ အုတ်နံရံကာနှင့် အင်္ဂတေအခင်းကျောင်းဆောင်တွင် သင်ကြားပေးသည်။ ရွာသားအား လုံးမှာ ရေးတတ်ဖတ်တတ်ကြပြီး လူဦးရေ၏ ၀.၀၅% မှာ ဘုန်းကြီးကျောင်းပညာရေးကို ရရှိထား ကြသည်။ မူလတန်းအောင်ရာခိုင်နှုန်းမြင့်မားသည်။ ကျောင်းတွင်ပရိဘောဂ အထိုက်အလျောက်လုံ

လောက်ပြီး မူလတန်းပြဆရာ/မ (၆)ဦးရှိကြသည်။ ကျောင်းတွင် တပည့်ဆရာအချိုးသည် ကျောင်းဆရာ/မ အင်အား လုံလောက်မှုရှိသည်။ လွန်ခဲ့သော ကျောင်းဖွင့်ရာသီက မူလတန်းကျောင်းသား များအတွက် ပြဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ပံ့ပိုးပေးခဲ့သည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိပါသည်။ သို့သော် လိုအပ်ချက်များရှိနေပါသည်။

မိုးညှင်းမြို့သည်။ လျှပ်စစ်မီးရရှိသောမြို့ဖြစ်ပြီး မရင်းကုန်းရွာသည်လည်း လျှပ်စစ်မီးရရှိပြီးဖြစ်သည်။ သောက်ရေအတွက် ရေတွင်း၊ လက်နှိပ်ရေတုံကင်နှင့် လျှပ်စစ်ေမာ်တာသုံး ရေတုံကင်များတပ်ဆင်သုံးစွဲကြပြီး ရေလုံလောက်မှုရှိသည်။ ချမ်းသာသော အိမ်ထောင်စုများက အိမသာကျင်းအားအုတ်ဖြင့်သော်လည်းကောင်း၊ ကွန်ကရစ်ခွေဖြင့်လည်းကောင်းဆောက်လုပ်ထားကြပြီး ဆင်းရဲသောအိမ်ထောင်စုများက ဝါးရိုင်ပတ်ခွေဖြင့် ဆောက်လုပ်သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဖြစ်သော ရောဂါဖြစ်ပွားမှုနည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျဆောက်လုပ်ထားပြီး ကျောင်းသား/သူများအတွက် အသုံးပြုရန် လွယ်ကူသည်။

ထို့အပြင် ကျေးရွာရှိဘုန်းတော်ကြီးကျောင်းနှင့် ရွာအလယ်ရှိ ဥပုသ်ဇရပ်တို့တွင် ရေတွင်း၊ အုတ်ဖြင့်ပြုလုပ်ထားသော အိမ်သာကျင်းတို့ကို စနစ်တကျ သန့်ရှင်းသပ်ရပ်စွာ ပြုလုပ်သုံးစွဲကြသည်။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်သည့် နေရာမှာ သီးသန့်ဟူ၍မရှိပေ။ လူငယ်များသည် ကျေးရွာရှိလူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ရှမ်းရိုးရာဝတ်စုံအကများဖြင့် ဘာသာရေးပွဲတော်(အလှူ၊ ကထိန်၊ နှစ်သစ်ကူး)များတွင် တင်ဆက်ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်` ဗုဒ္ဓဘာသာရှမ်းစာပေယဉ်ကျေးမှုသင်တန်းများ နွေရာသီတွင် နှစ်စဉ်နှစ်တိုင်းသင်ကြားပို့ချ၊ သင်ယူခြင်းရှိသည်။ ထိုသင်တန်းကို မရင်းကုန်းရွာ စွမ်းအင်သုခ ဘုန်းတော်ကြီးကျောင်းတွင်ပို့ချသင်ကြားပေးသည်။ ရှမ်းတိုင်းရင်းသားရဟန်းတော်များက မန္တလေးမြို့မှနေပြီး ကြွရောက်လာကာ ပို့ချသင်ကြားပေးသည်။

(ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

၂၀၁၄-ခုနှစ်က ပေ(၆၇၂၀)အရှည်ရှိ ကျောက်ချောလမ်းကိုခင်းပေးခဲ့သည်။ ကျေးရွာရှိ ရွာတွင်းလမ်းမှာ သဲကျောက်လမ်းခင်းလမ်းဖြစ်ပြီး ထော်လာဂျီများကို အသုံးပြုမောင်းနှင်ကြသည်။ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ကား(၁၂)စီး၊ မော်တော်ဆိုင်ကယ်(၂၄၆)စီး၊ စက်ဘီး(၁၇၁)စီး၊ ထော်လာဂျီ(၅၂)စီးနှင့် ထရက်ကား(၁)စီးတို့ကို အသုံးပြုလျက်ရှိသည်။

ကျေးရွာတွင် လျှပ်စစ်မီးကို ၂၀၁၃ ခုနှစ်မှစ၍ ဆက်သွယ်ထားရှိပြီး ကျေးရွာရှိအိမ်ထောင်စုအားလုံး၏ ၇၀% ခန့်သည် သွယ်တန်းအသုံးပြုနေကြပြီးဖြစ်သည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုအားနည်းပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်မှုအားမကောင်းပါ။ ကျေးရွာတွင် စာကြည့်တိုက်မရှိပေ။ ရန်ကုန်မြို့ရှိ မြန်မာ့စာကြည့်တိုက် အဖွဲ့ချုပ်နှင့်အဆက်အသွယ်မရှိ၍ စာအုပ်များလည်း လက်ခံမရရှိနိုင်ချေ။ ထို့အပြင်မိုးညှင်းမြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်လည်း ဆက်သွယ်ချိတ်ဆက်မှုမရှိပေ။ ရွာသားများသည် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့ကို ဝယ်ယူဖတ်ရှုမှုအားနည်းသည်။ မရှိသလောက်ပင်ဖြစ်သည်။ တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

(စျ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော်ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလိုဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကို တားသူမရှိသလောက်ပင်ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်းနည်းပါးသည်။ သို့ေသော် မူးယစ်ဆေးဝါးသုံးစွဲသူ အတော်များများရှိနေခြင်းကြောင့် ခိုးဝှက်လုယူမှုအချုန်အခါမရွေးဖြစ်ပေါ်လာနိုင်သောကြောင့် ထိုအတွက် အထူးတလည် ကြောင်းကြစိုးရိမ်နေရပါသည်။ နောက်ဆက်တွဲ မလိုလားအပ်သောမှုခင်းများဖြစ်ပေါ်လာနိုင်ပါသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

မရင်းကုန်းကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသ ဖြင့် ထင်းသက်သာသည်။ လျှပ်စစ်မီးဖိုဖြင့် ချက်ပြုတ်ခြင်း၊ ကျောင်းသား/သူများအတွက် စာဖတ် ချိန်အ ထောက်အပံ့ဖြစ်ခြင်း စသော လူနေမှုအဆင့်အတန်း မြှင့်မားလာရေးအတွက် အထောက်အကူ ပြုနေသည်။

လူငယ်ပညာတတ်များရှိပြီး လူဦးရေအားလုံး၏ ၈၀%မှာ အလုပ်လုပ်နိုင်ကြသည့် အရွယ် များဖြစ်ကြသည်။ ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီး လူငယ်များကို သက်မွေးဝမ်းကျောင်းပညာ ရပ်များ သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များ တိုးတက်ကောင်းမွန်စေပါမည်။ မရင်း ကုန်းကျေးရွာလူထု၏ ကျန်းမာေရးအခြေအနေမှာ ကောင်းမွန်ကြပါသည်။ မရင်းကုန်းရွာသား များအနေဖြင့် ကျန်မာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများ၊ စိုးရိမ်ရသောဆေးဝါးကုသလိုမှု များကို မိုးညှင်းခရိုင်ဆေးရုံသို့ သွားေရောက်ဆေးကုသမှုများခံယူနိုင်ကြသည်။ ထို့အပြင် မိုးညှင်း မြို့ပေါ်ရှိပြင်ပ ပုဂ္ဂလိကေဆးခန်း၊ ဆေးရုံတွင်လည်း ဆေးဝါးကုသမှုကိုလည်း ခံယူနိုင်ပါ သည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေးအနေအထားအတွက် လိုအပ်ချက်များရှိနေပါသေးသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီဩဇာ အတော်အ သင့်ကောင်းမွန်သည်။ တောင်သူများသည် လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ ဆောင်ပေးနိုင်သည်။ မိုးရွာသွန်းမှုမှာ စပါးနှင့်ဆောင်သီးနှံများစိုက်ပျိုးရန် အထောက်အပံ့ဖြစ် သည်။ မရင်းကုန်းကျေးရွာတွင် မှန်ကာင်းတောင်တန်းမှ ချောင်းဖျားအဖြစ်အစခံ၍ စီးဆင်းလာ သောချောင်းများမှ ရေကိုဆည်တမံတုတ်၍ အာလူး၊ မြေပဲ၊ ကြက်သွန်၊ မုံလာထုပ်၊ ပန်းမုံလာ၊ ဖရဲ၊ သခွား၊ မုံညှင်းစသည့် ဆောင်းသီးနှံများကိုစိုက်ပျိုးနိုင်သည်။ မရင်းကုန်းကျေးရွာသည် မိုးညှင်း၊ ဟို ပင်၊ မိုးကောင်း၊ မြစ်ကြီးနား၊ ကသာ၊ အင်းတော်မြို့များသို့ ကတ္တရာလမ်း၊ ရထားလမ်းတို့ဖြင့် ကူး သန်းသွားလာနိုင်ပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မီတင်ပို့ရောင်းချနိုင်သည်။

မရင်းကုန်းကျေးရွာတွင် မွေးမြူရေးထွက်ကုန်ရောင်းချရန် ဈေးကွက်ေကောင်းသဖြင့် နွား များကို တိုးချဲ့မွေးမြူရန် အခွင့်အလမ်းသာသည်။ နည်းပညာပိုင်းကို တိမွေး/ကုဦးစီးဌာနမှ ပံ့ပိုးပေး ရန်လိုအပ်ပါသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

မရင်းကုန်းကျေးရွာရှိ လယ်မြေများမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်မှအပ အခြား သယံဇာတများမထွက်ရှိပါ။ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြှင့်အောင် အားစိုက်ရပေမည်။

မှန်ကင်းတောင်တန်းများ ချောင်းဖျားခံ၍ စီးဆင်းလာသောချောင်းရေများကို ဆည်တမံတုတ်၍ ရေသွယ်စိုက်ပျိုးနိုင်သော်လည်း နွေရာသီတွင်ရေအလုံအလောက်မရရှိနိုင်ပါ။ မရင်းကုန်းကျေးရွာရှိ တောင်သူများအနေဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာ စိုက်ပျိုးနည်းစနစ်၊ ဘက်စုံပိုးမွှားနှိမ်နှင်းရေးအထောက်အပံ့များရရှိရန် လိုအပ်ပါသည်။ ကျေးရွာတွင် ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်းမှာမြင့်မားတတ်သည်။ ဘဏ်များမှ ကျေးရွာအရောက် ဝန်ဆောင်မှုပေးေသော စနစ်မရှိပဲ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှာ ဘဏ်များငွေချေးရန် စာရွက်စာတမ်း ဖြည့်စွက်ရာတွင် အခက်အခဲကြုံတွေ့ရတတ်သည်။

မရင်းကုန်းကျေးရွာတွင် အိမ်တွင်းမှုအသေးစား စားသောက်ကုန် ကုန်ထုတ်လုပ်ငန်းအနည်းအကျဉ်းရှိသော်လည်း ဝင်ငွေပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။

(ဂ) လက်တွေ့အမှန်တစ်ကယ် ဖော်ဆောင်ရဦးမည့်လုပ်ငန်းများ၊ လိုအပ်ချက်များ

ဂ-၁ ပညာရေးတွင်အခြေခံပညာမူလတန်းကျောင်း၏ ကျောင်းအဖေက်အဦခေါင်မိုးသည် ရှေးဆန်ပြီး ခေါင်စောက်လွန်းနေပါသည်။ ေကောင်းမွန်သောအလင်းရောင်ရရှိရန်အတွက် ကျောင်းအဆောက်အဦမြှင့်တင်ရန်နှင့် ခေါင်မိုးဖြန့်စေဖို့ ပြုပြင်ရန်လိုအပ်သေးသည်။

ဂ-၂ ကျန်းမာရေးတွင် မူးယစ်ဆေးဝါးသုံးစွဲသူလူငယ်များရှိနေသဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားဖြစ်စေနိုင်ပါသည်။ ခုခံအားကျဆင်းမှု၊ ကူးစက်ရောဂါပြန့်ပွားမှုကာကွယ်တားဆီးနိုင်ရန်အတွက် ကျန်းမာရေးအသိပညာပေးမှုများ ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ရန်လိုအပ်ပြီး ဥပဒေပညာပေးမှုများလည်း အထူးလိုအပ်ပါသည်။ အပြစ်ပေးအရေးယူ ထိရောက်မှုရှိဖို့ လိုအပ်ပါသည်။

ဂ-၃ မရင်းကုန်းကျေးရွာအတွင်းရှိ လမ်းမကြီးသည် သဲကျောက်ခင်းလမ်းဖြစ်ပြီး မိုးတွင်းမိုးရွာသွန်းသောအခါမျိုးတွင် လမ်းပေါ်တွင် မိုးရေများတင်ကျန်၍ လမ်းများပျက်စီး၍ မကြာခဏချို့ယ်ကျင်းခွက်များ ဖြစ်ပေါ်နေတတ်ပါသည်။ ကျေးရွာရှိ လမ်းမကြီးအား သဲကျောက်ခင်းလမ်းမှတစ်ဆင့်တက်၍ ကွန်ကရစ်လမ်း(သို့)ကတ္တရာလမ်းအဖြစ် ပြောင်းလဲပြုလုပ်ရန်လိုအပ်ပါသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျွန်ုပ်တို့မြန်မာနိုင်ငံသည် စနစ်တစ်ခု၏အောက်တွင် နှစ်ပေါင်း(၅၀)ကျော်ဖြတ်သန်းရင်ရင်ဆိုင်ခဲ့ရသည်။ ထိုစနစ်၏ ခါးသီးသော အတွေ့အကြုံပေါင်းများစွာကို ပြည်သူလူထုသည် ရင်ကော့

ခါးသီး၍ ခံစားခဲ့ကြရသည်။ ကျွန်ုပ်တို့မြန်မာနိုင်ငံသည် သဘာဝအားဖြင့် ပထဝီဝင် အနေအထား ရ ေရေခံမြေခံကောင်းသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဆန်စပါးနှင့်တကွ သယံဇာတ မျိုးစုံလည်း ထွက်ရှိသည့်နိုင်ငံဖြစ်သည်။ သို့သော်လည်း စနစ်တစ်ခု၏အောက်တွင် စီမံခန့်ခွဲမှုညံ့ဖျင်းခြင်းနှင့် နည်းပညာ၊ အတတ်ပညာတို့အားနည်းမှုတို့ကြောင့် အိမ်နီးချင်းအရှေ့တောင်အာရှနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်လျှင် ဖွံ့ဖြိုးတိုးတက်မှုမှာ အဖက်ဖက်မှ နောက်ကျကျန်ခဲ့ရပါသည်။

၂၀၁၅ခုနှစ် နိုဝင်ဘာလ(၈)ရက်ရွေးကောက်ပွဲအပြီး ပြည်သူလူထုမှ ရွေးကောက်တင်မြောက်သည့် အရပ်သားအစိုးရသစ်ပေါ်ထွန်းလာခဲ့သည်။ အစိုးရသစ်လက်ထက်တွင် ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံများသည် မြန်မာနိုင်ငံသို့ငွေကြေးအကူအညီများ၊ အဆောက်အဦလမ်းတံတားဆောက်လုပ်ပေးမည့် အကူအညီများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ ဖွံ့ဖြိုးတိုးတက်မှုနည်းပညာအကူအညီများ အမြောက်အများ ဝင်ရောက်လာကြမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်လာမည်ဖြစ်ပါသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများရေးဆွဲချမှတ်အကောင်အထည်ဖော်လုပ်ဆောင်လာလျှင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများလည်း ကျွဲကူးရေပါဆိုသကဲ့သို့ ပါဝင်လာမည်ဖြစ်သည်။ ထို့သို့ပါဝင်လာပါက ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်း ပြီးလာမည့်ငါးနှစ်တာကာလအတွက် မရင်းကုန်းကျေးရွာ၏ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်းချမှတ်ထားပါသည်-

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုးထုတ်ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးခြင်း၊ အနိမ့်ဆုံးအခြေခံပညာ အလယ်တန်းအဆင့် အောင်မြင်သည်အထိသင်ယူခြင်း၊ သက်မွေးပညာသင်တန်းများ ရရှိခြင်း၊ ဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေမည့် မူးယစ်ဆေးဝါးသုံးစွဲမှုကင်းစင်ပပျောက်အောင်ပညာပေးခြင်း၊ ဆေးဝါးကုသမှုခံယူခြင်း၊ လူသားအရင်းအမြစ်မြှင့်တင်ပေးခြင်းများမှတစ်ဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရရှိစေမည်ဖြစ်သည်။ ကျေးရွာအတွင်း ဆင်းရဲမွဲတေမှုလုံးဝဥဿုံပပျောက်မှုမရှိနိုင်သော်လည်း ဆင်းရဲမွဲတေမှုလျော့နည်းလျော့ချစေမည်ဖြစ်သည်။

က.၂) မရင်းကုန်းကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် စာဖတ်မှုအား ပိုမိုကောင်းမွန်သော ပညာရေးမှတစ်ဆင့် အသိဉာဏ်ပညာပွင့်လင်းဖွံ့ဖြိုးတိုးတက်ပြီး လူကြီး၊ လူငယ်၊ ကလေးအရွယ်စုံ အားလုံး၏အဆင့်အလိုက်လူသားဆိုင်ရာ စွမ်းဆောင်ရည်နယ်ပယ်အဝန်းအဝိုင်းကို ပိုမိုကျယ်ဝန်း ပြန့်ပွားလာစေရမည်။

က.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် အသက်မွေးဝမ်းကျောင်းနှင့်စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး ဦး ဆောင်မှုခေါင်းဆောင်မှုကောင်း၏ နောက်တွင် တစ်ဦးကောင်းတစ်ယောက်ကောင်းစနစ်မလုပ်ပဲ အားလုံးအရည်အချင်းရှိရှိ စုစည်းညီညွတ်စွာဖြင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှု၊ နား လည်ယုံကြည်မှုတို့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ချိတ်ဆက်မိရယူကာ အခြေ အနေကောင်းအရဖြစ်ပေါ်လာသောအခွင့်အရေးတစ်ရပ်ကို လက်ဝယ်တွင်အမိအရ ပိုင်နိုင်စွာဆုပ် ကိုင်ပြီး အခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်မားလာမှုမှတစ်ဆင့် စည်းကမ်းကျနသည့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု ယန္တရားတိုးတက်လာရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်-

ခ.၁) ကျွန်ုပ်တို့မရင်းကုန်းကျေးရွာသည် ကျေးရွာလူထုအားလုံး၏ ၉၇%သည် လယ်ယာစိုက်ပျိုး ရေးကို အဓိကအားထားပြီး အသက်မွေးမှုပြုကြပါသည်။ ထို့ကြောင့် လယ်ယာကုန်ထုတ်လုပ်မှုမြှင့် တင်ရန်အထူလိုအပ်ပါသည်။ လယ်ယာထွက်ကုန်သီးနှံများပိုမိုထွက်ရှိအောင်၊ ခေတ်မှီသောစိုက်ပျိုး ရေးနည်းပညာများရရှိအောင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏အကူအညီကို အပြည့်အဝရယူရမည် ဖြစ်သည်။ လိုအပ်လျှင် သင်တန်းများတက်ရောက်ရမည်ဖြစ်သည်။ စိုက်ပျိုးရာတွင် နွေ၊ မိုး၊ဆောင်း သုံးရာသီသုံးသီးစား စိုက်ပျိုးနိုင်ရန်အတွက် ရေအလုံအလောက်ရရှိနိုင်ရန် မြေသားဖို့ဆည်တမံအ ဆင့်မှသည် ခိုင်ခန့်ကောင်းမွန်သော ကွန်ကရစ်ဆည်တမံများ ဆောက်လုပ်ရမည်ဖြစ်သည်။

လယ်ယာသီးနှံထုတ်ကုန်များ၊ရိတ်သိမ်းခြွေလှေ့ပြီး သီးနှံများကိုအမိုးအကာလုံခြုံသည့်နေရာ စပါးကျီ၊ စပါးတိုက်၊ စပါးပုတ်(သီးနှံသိုလှောင်ရုံ)သို့ အချိန်နှင့်တစ်ပြေးညီရောက်ရှိရန် သယ်ယူဖို့ အတွက် လမ်း၊တံတားများကောင်းမွန်းရမည်ဖြစ်သည်။ သီးနှံထုတ်ကုန်များ လယ်ယာမြေများမှ သယ်ဆောင်ရန်အတွက် အချိန်ကြန့်ကြာမှု၊ လေလွင့်မှုမရှိစေရအောင်သီးနှံထုတ်ကုန်သယ်ဆောင် သည့်လမ်းများကို ခိုင်ခန့်ကောင်းမွန်သော ကျောက်ခင်းလမ်းများဖြစ်စေရမည်။ သီးနှံထုတ်ကုန်သယ် ဆောင်သည့် ချောင်းကူးတံတားများကိုလည်း ကွန်ကရစ်တံတားများအဖြစ် ဆောင်လုပ်ရမည်။

အရင်းအနှီးငွေများရှိပါက ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူေရေးနည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာ နည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

ခ.၂) အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်အတွက် ကျွန်ုပ်တို့ မရင်းကုန်းကျေးရွာတွင် အနိမ့်ဆုံးအခြေခံပညာအလယ်တန်း အောင်မြင်ပြီးသည်အထိ သင်ကြားတတ်မြောက်စေရမည်။ ထိုမှ တစ်ဆင့် အသက်မွေးပညာသင်တန်းများကို သင်ယူစေခြင်းဖြင့် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေ ပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်းအစီအစဉ်နှင့် ချိတ်ဆက်ပေး မည်။ မရင်းကုန်းကျေးရွာတွင် ဆင်းရဲမွဲတေမှု လျော့ချရေးအစီအစဉ်ဖြင့် အမှန်တစ်ကယ်ငွေကြေး လိုအပ်သူ၊ ငွေချေးလိုသူကို အသေအချာစီစစ်ပြီး စနစ်တကျစာရင်းပြုစုရယူကာ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။

ခ.၃) ကျွန်ုပ်တို့မရင်းကုန်းကျေးရွာတွင် မူလတန်းကျောင်းနေ ကလေးငယ်များ၏ ပညာအရည်အ ချင်းတိုးမြှင့်လာရေးအတွက် မိဘ၊ဆရာ၊ ကျောင်းသား ဟန်ချက်ညီစွာလက်ပွန်းတတည်းပူးပေါင်း ဆောင်ရွက်မည်။ ပညာရေးစုံညီပွဲတော်တွင် လူကြီးမိတ်ဆုံပျော်ပွဲစား၊ ထမင်း၊ ဟင်းကျွေးခြင်းအစဉ် အလာကို ပယ်ဖျက်ပြီး လက်ဖက်ရည်၊မုန့်(သို့မဟုတ်)ရှမ်းခေါက်ဆွဲကျွေးခြင်းအစီအစဉ်ဖြင့် အစား ထိုးမည်။ ထမင်းဟင်းကျေးခြင်းဖြင့် ကုန်ကျသည့်ငွေကြေးကို ပညာလူချွန်သူ ကျောင်းသား၊ကျောင်း သူများကို ထိုက်တန်စွာချီးမြှင့်ဂုဏ်ပြုပေးမည်။ ထို့အပြင် မျှဝေခြင်း အစီအစဉ်ဖြင့် နွမ်းပါးသူ(အမှန်တစ်ကယ်မပြည့်စုံသူ)ကျောင်းသား၊ ကျောင်းသူများကို ပညာသင်ထောက်ပံ့ကြေး ပေးမည်။

ခ.၄) ကျွန်ုပ်တို့မရင်းကုန်းကျေးရွာသည် အရှေ့နှင့်အနောက်ရွာတန်းရှည်လျားသည့် ရွာဖြစ်သည်။ မန္တလေး-ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုကားလမ်းမကြီးအနီးရှိ ရွာ၏ထိပ်တွင် ရေလှျံတွင်းတူး ဖော်ပြီး အုတ်ရေကန်တွင် ရေကိုသိုလှောင်ကာ ကျေးရွာအတွင်းသို့ ရေပိုက်များဖြင့် သွယ်ယူ၍ ရေဖြန့် ဖြူးပေးမည်။

ကျေးရွာတွင် လျှပ်စစ်မီးရရှိပြီးဖြစ်သော်လည်း ကျေးရွာ၏သုံးပုံတစ်ပုံသည် လျှပ်စစ်မီးမရရှိ သေးပေ။ တစ်ရွာလုံးလျှပ်စစ်မီးရရှိအောင် ဆောင်ရွက်မည်။ မရင်းကုန်းကျေးရွာ၏ ရွာလယ်လမ်းမ ကြီးသည် ညောင်ကုန်းကျေးရွာ၊ ဘီလူးမြို့ကျေးရွာကြီးများနှင့် အဓိကဆက်သွယ်ထားပြီး မိုးညှင်းမြို့ နှင်လည်း ဆက်သွယ်ထားသည့် လမ်းမကြီးဖြစ်သည်။ ရွာလယ်လမ်းမကြီးအား ရေရှည်ခိုင်ခန့် ကောင်းမွန်စွာ အသုံးပြုသွာလာနိုင်ရေးအတွက် ကွန်ကရစ်(သို့)ကတ္တရာလမ်းအဖြစ် ခင်းသွား မည်။ ရွာလမ်းမကြီး ရေရှည်အသုံးပြုနိုင်ရေးအတွက် အထောက်အကူဖြစ်စေရန် လမ်းမကြီး၏ ဝဲ- ယာ

ဖက်စီတွင် ရေစီးမြောင်း၊ ရေနုတ်မြောင်းများ တူးဖော်စေမည်။ ပညာရေးသည် အဓိကကျသည့် အတွက် မရင်းကုန်းကျေးရွာလူထုအသိပညာ တိုးတက်မှုဖွံ့ဖြိုးအားကောင်းလာစေရန် စာကြည့်တိုက် တည်ဆောက်ခြင်း၊ စာအုပ်၊ စာပေ၊ဂျာနယ်၊ မဂ္ဂဇင်းစာစောင်များထားရှိပေးခြင်းဖြင့် စာဖတ်အား ကောင်းစေရမည်။

ခ.၅) ကျေးရွာဈေးတန်းယခင်ကရှိခဲ့သည်။ ယခုအခါဈေးတန်းပျက်စီးသွားပြီးဖြစ်သော်လည်း ပြန်လည်တည်ဆောက်ပြီး ခင်းကျင်းရောင်းချစေမည်။ အမှိုက်တရိုက်များကို စနစ်တကျစွန့်ပစ်ဖို့ ကျေးရွာလူထုအစည်းအဝေးများတွင် မကြာခဏထည့်သွင်းဆော်သြပေးမည်။ ကျေးရွာဖွံ့ဖြိုးရေးကို အဟန့်အတားဖြစ်စေမည့် မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်အောင် မြို့နယ်ရဲတပ်ဖွဲ့၊ ကျေးရွာအုပ် ချုပ်ရေးအဖွဲ့၊ ရွာသူ/ရွာသားတို့သည် လက်တွဲညီစွာဖြင့် ပူးပေါင်းတိုက်ဖျက်သွားမည်။ ထို့အပြင် ဥပဒေပညာပေးခြင်း၊ မူးယစ်ဆေးဝါးအသိပညာပေးခြင်း၊ HIV ၊ AIDS ရောဂါမပြန့်ပွားရေးအ သိပညာ ပေးဟောပြောပွဲများကို မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ကျန်းမားရေးဦးစီးဌာနတို့နှင့် ချိတ်ဆက် ဆောင်ရွက်မည်။

ကျွန်ုပ်တို့ မရင်းကုန်းကျေးရွာ လူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများ ကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေး ဆောင်ရွက်မည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ကျွန်တော်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်ပံ့များ ပံ့ပိုးပေး မှုသည် အလွန်အရေးပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များအား နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အား ထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည် စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီ

အစဉ်များကိုလည်း သတ်မှတ်ကာ လ အလိုက် ပုံမှန်စိစစ်သွားနိုင်ပါသည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

(ခ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင် စပါးတသီးထဲကိုသာ စိုက်ပျိုးကြသည်။ တောင်သူများအတွက် မြေဆီလွှာပြုပြင်ခြင်းနှင့် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာနှိမ်နှင်းရေးအတွက် နည်းစနစ်ရရှိရေးလိုအပ်သည်။ ဖျက်ပိုးနှိမ်နှင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကိုရသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ ရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကို မှီခိုအားထားမှုပိုများသည်။ သီးနှံဖျက်ပိုးများသည့် သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှု ဖြစ်စေသည်။ နည်းပညာ အသုံးပြုပုံများအပါအဝင် ပိုးမွှားနှိမ်နှင်းရေးနည်းပညာ အသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီး၍ဆောင်ရွက်မှုပြုသင့်ပါသည်။

(ဂ) ငွေရေး ကြေးရေးနှင့် ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။ ကျေးရွာတွင် သမဝါယမ အသင်းဖွဲ့စည်းထားခြင်းမရှိသေးသဖြင့် မြို့နယ်သမဝါယမအသင်းမှ ချေးငွေလိုအပ်သော ရွာသားများအတွက် ချေးငွေအစီအစဉ်များအား ဆောင်ရွက်သင့်သည်။

(ဃ) ကျေးလက်အသေးစား စက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ အထောက်အပံ့

ကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့်အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့်အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများ(ကုန်ထုတ်လမ်း၊ စက်မှု၊ လက်မှုလုပ်ငန်း)အတွက် လုပ်ငန်းစီမံခန့်ခွဲရေးထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခု

အခါ အဆင်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်း အချို့ပါဝင်မည်ဖြစ်ပြီး မြို့နယ်ဒေသ မှသည် ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှု အထောက်အကူပြုလုပ်ငန်းများ ကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်းရှိပါသည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည် ဖော်မည့်နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည် ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များ ကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော် မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုကငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်ကဦးစားပေးအစီအစဉ်ချ ခဲ့သောစီမံကိန်း များသည်ငါးနှစ်တာလုံးအတွက်ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များ တွင်ဆောင်ရွက်နေစဉ်နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များ ပေါ်လာပါမည်။ ပုံမှန်အားဖြင့် စံနစ်တကျ ရေးဆွဲထားသောကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်မူဘောင်သည်သဘာဝ ဘေးအန္တရာယ်ဆိုး ဆိုးဝါးဝါးမ ကျပါကပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေးစီမံကိန်းလုပ်ငန်းအချို့ ကိုနှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ထည့်သွင်းခြင်းအား ဖြင့်အစဉ်သဖြင့်ငါးနှစ်တာ စီမံချက်တစ်ခု အသင့် အနေအထားတွင် ရှိနေပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍ ဆိုင်ရာအရခွဲခြားခြင်း (Functional classification)နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက် ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုး ရှိသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)–ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသောဦးစားပေးစီမံချက်လုပ်ငန်းများမှာအောက်ပါအတိုင်းဖြစ်ပါသည်-

ဦးစားပေးစီမံချက်များ

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်	မှတ်ချက်
လမ်းပန်းဆက်သွယ်ရေး					
လမ်းတံတားများကောင်းမွန်လာစေရေး	-ကွန်ကရစ်တံတား တည်ဆောက်ခြင်း	၁၀၀	၁	- တံတားများအား ခိုင်ခန့်ကောင်းမွန်စွာအသုံးပြုသွားလာနိုင်ရန်	ကျေးလက်လမ်းဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန
မီးလင်းရေး					
ရွာလုံးကျွတ်မီးလင်းလာရေး	- ကျေးရွာတွင် ရွာလုံးကျွတ်လျှပ်စစ်မီးရရှိလာနိုင်ရေး	၇၀	၉	- လျှပ်စစ်မီးအား အလုံးအလောက်ရွာလုံးကျွတ်ကောင်းမွန်စွာစနစ်တကျအသုံးပြုနိုင်ရန်	မြို့နယ်လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးဦးစီးဌာန

ဦးစားပေးစီမံချက်များ

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်	မှတ်ချက်
ပညာရေး					
KG ကျောင်းဆောင်အား ခိုင်ခန့်ကောင်းမွန်လာစေရေး	- ကျေးရွာတွင်းရှိ ကျောင်းဆောင်မှာ ပျက်စီးမှုများရှိနေသဖြင့် ပြန်ကောင်းမွန်လာစေရန်နှင့် ကျောင်းဆောင်အသစ်ပြန်တည်ဆောက်လာနိုင်ရေး	၈၇	၅	- ပညာရေးဦးစီးဌာနနှင့်ချိတ်ဆက်ခြင်းနှင့် ကျေးရွာတွင်းရှိ ရပ်မိရပ်ဖများနှင့်ညှိနှိုင်းချိတ်ဆက်၍ ကျောင်းဆောင်အား ပြန်လည်ပြုပြင်နိုင်ရန်နှင့် ကျောင်းဆောင်အသစ်တည်ဆောက်လာနိုင်ရန်	မြို့နယ်ပညာရေးဦးစီးဌာန
သောက်သုံးရေ					
စာသင်ကျောင်းတွင် သောက်သုံးရေလုံလောက်စွာရရှိလာစေရေး	- လက်နှိပ်တုံကင်ရေတွင်းသံချေးတက်၍ သောက်သုံးရေမသန့်ရှင်းခြင်းနှင့် ရေမလုံလောက် သဖြင့် ရေတွင်းအားအသစ်တစ်ဖန်လက်တူးတွင်း(သို့)စက်ရေတွင်းအဖြစ်အဆင့်မြှင့်တင်၍ သန့်ရှင်းသောသောက်သုံးရေရရှိလာနိုင်ရေးနှင့် ရေကိုလုံလောက်စွာရရှိလာနိုင်ရေးဆောင်ရွက်ရန်	၈၅	၆	- မြို့နယ်ပညာေရးဦးစီးဌာနနှင့် ကျေးလက်ဦးစီးဌာနတို့နှင့်ချိတ်ဆက်၍ သောက်သုံးရေအား ကောင်းမွန်စွာရရှိလာစေရန်	မြို့နယ်ပညာရေးဦးစီးဌာန၊ ကျေးလက်ဦးစီးဌာန

စိုက်ပျိုးရေး					
စိုက်ပျိုးရေးမျိုးကောင်းမျိုးသန့်နှင့် စိုက်ပျိုးရေးစရိတ်ထောက်ပံ့မှုရရှိလာစေရေး	- စိုက်ပျိုးရေးစရိတ်အသုံးပြုနိုင်မှုအားနည်းနေခြင်းနှင့် မျိုးကောင်းမျိုးသန့်များမရှိသဖြင့် စိုက်ဘဏ်(သို့)အခြားပုဂ္ဂလိကအဖွဲ့အစည်းများမှ မျိုးကောင်းမျိုးသန့်များနှင့် အတိုးငွေနည်းပါး စွာချေးပေးနိုင်မည့် အသေးစားဘဏ်တစ်ခုခုနှင့်	၇၅	၈	မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ မျိုးစေ့ကောင်းများရရှိနိုင်ရန်နှင့် ချေးငွေအား အတိုးနှုန်းသက်သာစွာဖြင့်ရရှိလာစေရန်	မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန

ဦးစားပေးစီမံချက်များ

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်	မှတ်ချက်
	ချိတ်ဆက်၍ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မှုအားကောင်းလာအောင်ဆောင်ရွက်နိုင်ရန်				
ဆည်မြောင်းကဏ္ဍ					
ဆည်မြောင်းများတည်ဆောက်လာနိုင်စေရန်	- ရေမြောင်း၊ရေတံခါးမကောင်းခြင်း၊ ရေမြောင်းများသိမ်ကောခြင်း၊ ပန်ဘောင်များပျက်စီးခြင်းနှင့် စိုက်ပျိုးရေမလုံလောက်မှုတို့ကြောင့် ဆည်အသစ်အားကောင်းမွန်စွာတည်ဆောက်နိုင်ရန်	၉၇	၂	- မြို့နယ်ဆည်မြောင်းဦးစီးဌာနနှင့်ချိတ်ဆက်၍ ကျေးရွာတွင်းလုပ်အားဖြင့် ဆည်ကောင်းတစ်ခုအားကောင်းမွန်စွာတည်ဆောက်၍ ကျေးရွာ၏ စိုက်ပျိုးရေအားကောင်းမွန်စွာအသုံးပြုလာနိုင်ရန်	မြို့နယ်ဆည်မြောင်းဦးစီးဌာန
ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုကဏ္ဍ					
မြစိမ်းရောင်စီမံကိန်းရရှိလာစေရန်	- ကျေးရွာတွင်း ငွေချေးမှုများမှာ အတိုးငွေများပြားလွန်သဖြင့် အတိုးငွေသက်သာစွာဖြင့် ဝန်ဆောင်မှုကောင်းပေးသည့် အသေးစားငွေချေး	၇၇	၇	မြို့နယ်ကျေးလက်ဦးစီးဌာနနှင့် အခြားငွေချေးပေးနိုင်မည့်အဖွဲ့အစည်းတစ်ခုခုနှင့်ချိတ်ဆက်၍ ကျေးရွာသူ/သား များချေးငွေအားအတိုး	မြို့နယ်ကျေးလက်ဦးစီးဌာန

	လုပ်ငန်းတစ်ခုရရှိနိုင်ရန်			နှုန်းသက်သာစွာဖြင့် အသုံးပြုလာနိုင်ရန်	
	-ကုန်ထုတ်လမ်းမကောင်းခြင်း	၉၅	၃	-ကျေးလက်ဦးစီးနှင့် ကျေးရွာလူကြီးများ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်	
	-ကျေးရွာတွင်းလမ်းမကောင်းခြင်း	၉၂	၄	-ကျေးရွာကော်မတီဖွဲ့စည်းပြီး ကျေးလက်ဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင် ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

စဉ်	စီမံချက်	အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	ကွန်ကရစ်တံတား တည်ဆောက်ခြင်း	၁	✓	✓	✓	✓	✓
၂	ဆည်မြောင်းများတည်ဆောက်လာနိုင်ရေး	၂		✓	✓	✓	✓
၃	ကုန်ထုတ်လမ်းရရှိရေး	၃				✓	✓
၄	ရွာတွင်းလမ်းပျက်စီးနေခြင်း	၄				✓	✓
၅	KG ကျောင်းဆောင် ဆောက်လုပ်လိုခြင်း	၅			✓	✓	✓
၆	စာသင်ကျောင်းတွင် သောက်သုံးရေမလုံလောက်ခြင်း	၆				✓	✓
၇	မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိရေး	၇		✓	✓	✓	
၈	စိုက်ပျိုးရေးစရိတ်လိုအပ်ခြင်း	၈			✓	✓	✓
၉	ရွာလုံးကျွတ်မီးလင်းရေး	၉			✓	✓	✓

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (Indicative)အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက် ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှု ပေးသည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျက် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန် လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ် သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

စီမံချက်ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန် အသုံး စရိတ်	ငွေလုံးငွေရင်း အသုံးစရိတ်		လူသားချင်း စာနာမှု ဆိုင်ရာ ထောက်ပံ့မှု
				ငွေလုံး ငွေရင်းအ သုံးစရိတ်	စွမ်းဆောင် ရည်မြှင့် တင်ရေး	
၁	လမ်းတံတားများကောင်းမွန်လာစေရေး			✓		
၂	ရွာလုံးကျွတ်မီးလင်းရေး			✓		
၃	ကျောင်းဆောင်များတည်ဆောက်လာ နိုင်ရေး			✓		
၄	သောက်သုံးရေသန့်ရှင်းလုံလောက်စွာအ သုံးပြုနိုင်ရေး:			✓		
၅	စိုက်ပျိုး ရေးမြို့းကောင်း/မြို့းသန့်များရရှိလာ နိုင်ရေး			✓		
၆	ဆည်မြောင်းများတည်ဆောက်လာနိုင်ရေး			✓		
၇	ချေးငွေလက်လှမ်းမီရေး			✓		

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

(၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက် ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီး အားတာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန် တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့ကကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့် မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြား သော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်းလယ်ယာကုန်ထုတ်လုပ်ငန်းအထောက်အကူပြု လမ်းအဆင့်မြှင့်တင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာအကူအညီများရယူရပါမည်။

(၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင်တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ

- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများလူထုအဖွဲ့အစည်းများ)ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင်ဖေါ်ပြထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနကတာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကိုကန့်သတ်ခြင်းကဲ့ သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အစားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအ တွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖေါ်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာရည်ရွယ်သည့်အတိုင်းကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော် သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင်ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများတက်ကြွစွာအတူ ပူးပေါင်းဆောင်

ရွက်ရန်ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်; ဆိုင်ရာတိုး တက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ် ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့ကမိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာကနဦးသတင်းအချက်အလက် များ(Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုး တက်မှုကို တိုင်းတာသည့်အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရပါမည်။ (၃)လပတ် ကုန်ဆုံးချိန် တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာ(monitor - ing report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ သည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသောအခက် အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီ သည်(၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာအနှစ်ချုပ်ကိုပြုစုပြင်ဆင်ပြီးသက်ဆိုင်ရာကျေး

ရွာအုပ်စု ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာ သည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကိုအဓိကထားဖော်ပြ ပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှာမည့် အခြေခံသတင်းအချက် အလက်များပေါ်မူတည်၍ တိုးတက်မှုကို တိုင်းတာသည့် အညွှန်းကိန်း(indicator)ကို တည် ဆောက်ရပါမည်။ ကျေးရွာသူ/သားများပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊လိုအပ်သော အညီအထောက်အပံ့များစသည်တို့ ပါဝင်ပါမည်။

(၁၁-၂) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှု ထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကိုအောက်ပါ အဖွဲ့ အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာကဖိတ်ကြားအသိပေးတင်ပြနိုင်သောအခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အ စည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက် ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံ ပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	စုစုပေါင်း၏%
၁ နှစ်အောက်	နို့စို့အရွယ်	၆	၄	၁၀	၀.၉
၁ နှစ်မှ ၅နှစ်အောက်	၅နှစ်အောက်ကလေးငယ်	၄၆	၁၉	၆၅	၆
၅ နှစ်မှ ၉နှစ်အထိ	မူလတန်းကျောင်းသားအရွယ်	၃၇	၃၆	၇၃	၇
၉ နှစ်အထက်မှ ၁၄နှစ် အထိ	အလယ်တန်းကျောင်းသား အရွယ်	၆၅	၆၆	၁၃၁	၁၁
၁၄ နှစ်အထက်မှ ၆၀နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၃၈၈	၃၈၅	၇၇၃	၆၉
၆၀ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၂၆	၄၂	၆၈	၆.၁
စုစုပေါင်း လူဦးရေ-၁၁၂၀		**၅၆၈**	**၅၅၂**	**၁၁၂၀**	**၁၀၀**
စုစုပေါင်း အိမ်ထောင်စု - ၁၈၀		**တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၆**			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်ခြေ၊ အိမ်ထောင်စု စုစုပေါင်း(၁၈၀)အိမ်ရှိပါသည်။ လူဦးရေစုစုပေါင်း(၁၁၂၀)ဦးရှိသည့်အနက် အလုပ်လုပ်နိုင်သော လူဦးရေမှာ (၇၇၃)ဦးရှိပါသည်။ တစ်အိမ်ထောင်ရှိ ပျမ်းမျှလူဦးရေမှာ(၆)ယောက်နှုန်းဖြစ်သည်။

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား

(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ် ထောင်စု	%	မိသားစု ဝင်လုပ် အား		
၁	**စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)**					
	ကိုယ်ပိုင် လုပ်ငန်း	၆၀	၃၅	၇၄		
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၁၅	၉	၂၂		
၂	**တိရစ္ဆာန် မွေးမြူရေး**					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ် ထောင်စု	%	မိသားစု ဝင်လုပ် အား		
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၃	**ငါးဖမ်း လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၄	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				၁၇၃	
၅	**ထုတ်ကုန်လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၆	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-		-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-		-	-	
၇	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၈	**ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၉	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**					
	ကိုယ်ပိုင် လုပ်ငန်း	၁	၁			
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၀	**လက်လီ-လက်ကား ရောင်းဝယ်ရေး**					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၂	၁	၃	၄၇	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၁၁	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၁၂	**ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၃	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၁၄	**အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				-	
၁၆	**ပညာရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				၈	
၁၇	**ကျန်းမာရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ် ထောင်စု	%	မိသားစု ဝင်လုပ် အား		
၁၈	**လူမှုရေး လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၁၉	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၁၀၂	၅၅	၁၃၃		
၂၀	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
	စုစုပေါင်း	**၁၈၀**	**၁၀၀**	**၂၃၂**	**၂၂၈**	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေသည် (၇၇၃)ဦးရှိသည့်အနက် သုံးပုံ နှစ်ပုံခန့်သည် အခြားအရပ်ဒေသသို့ သွားရောက်ပြီး လုပ်ကိုင်နေကြသည်။ အများစုသည် ရွှေမှော်၊ ကျောက်မှော်သို့ သွားရောက်ကာ လုပ်ကိုင်နေရကြောင်း တွေ့ရှိရပါသည်။

(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
၁	လယ်ယာလုပ်ငန်း	နေ့စား	၆၀၀၀	၅၀၀၀	၄၀၀၀	၃၀၀၀	
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-	
၃	ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း	နေ့စား	-	-	-	-	
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ	နေ့စား					

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
	ထုတ်လုပ်ခြင်း						
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-	
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား					
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-	
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	၇၀၀၀		၃၀၀၀	
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အမြင့်ဆုံးနေ့စားခမှာ(၆၀၀၀)ကျပ် နှင့် (၅၀၀၀)ကျပ် ဖြစ်ပြီး အနိမ့်ဆုံးနေ့စားမှာ (၄၀၀၀)ကျပ် နှင့် (၃၀၀၀)ကျပ်ဖြစ်သည်။ သို့သော် ရာသီချိန်လုပ်ငန်းခွင်အချို့၌သာ ဖြစ်သည်။

(၁.၃) သဘာဝ ရင်းမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
လယ်မြေ	၄၄၈	သင့်	အနည်းအကျဉ်း	ရေပေးနိုင်သည့်ဧက-၂၀၀
ယာမြေ /တောင်ယာ	၂	သင့်	အနည်းအကျဉ်း	ရေရရှိနိုင်သည့်နေရာ
ဥယျာဉ်ခြံမြေ				
အိမ်ခြံဝင်း စိုက်ခင်း	၁	သင့်	မရ	

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
နှစ်ရှည်သီးနှံစိုက်ခင်း				
ရွှေ့ပြောင်းတောင်ယာ မြေ	-			
ကိုင်း/ကျွန်းမြေ	-			
စားကျက်မြေ	-			
ပလပ်မြေ	-			
အခြား	-			
စုစုပေါင်း	၄၅၁			

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

မှတ်ချက်။ ။ရေရှိသည့် နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာမြေစုစုပေါင်းစိုက်ဧက(၄၅၁)ဧကရှိပါသည်။ လယ်မြေဧကမှာ (၄၄၈)ဧကဖြစ်သည်။ ဆည်ရေရရှိသော်လည်း စိုက်ပျိုးမြေအားလုံး ရေမရရှိနိုင်ပါ။ စိုက်ပျိုးဧက(၂၀၀)ခန့်သာ ရရှိပါသည်။ လုံလောက်မှုမရှိပါ။

(၁.၃.၂) မာတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ

ဧယား (၅) မာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)
ကာဗွန် (မာတ်ဒွေ့/ရေနံ)		
အခြား ရင်းမြစ်များ	နည်း	ခက်
အခြားသဘာဝရင်းမြစ်		
သဘာဝတိရစ္ဆာန်မျိုးစိတ်များ		
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် တောတောင်နှင့် အလှမ်းဝေးသောကြောင့် သဘာဝအရင်းအမြစ်များရရှိမှုမှာ ခက်ခဲပါသည်။ ကျေးရွာမှ တောင်သူအနည်းစုသည် ကျေးရွာနှင့် မိုင်(၄၀)ခန့်ဝေးသောရွာ၏ အနောက်ဘက် အနောက်တောင်တွင် လယ်ယာလုပ်ငန်းအတွက် သစ်အချို့နှင့်ဝါးအချို့သွားရောက်ခုတ်ကြပါသည်။

(၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	(၁၀)ဧကထက်	(၅)ဧက မှ (၁၀)ဧက	အောက်	
အိမ်အခြေအနေ	အုတ်နံရံ	ပျဉ်းခင်း/သွပ်မိုး/ပျဉ်ကာ	ထရံကာ/သွပ်မိုး	သက်ကယ်မိုး/ထရံကာ
လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု	ထွန်/ခြွေလှေ့ရိတ်၊ ထော်လာဂျီ၊ကျွဲ၊နွား	ထွန်စက်၊ ကျွဲ၊နွား	ထွန်၊ ကျွဲ၊နွား	
ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု	ကား၊ဆိုင်ကယ်၊တီဗွီ၊ စေ်လောင်း၊ ရေခဲသေတ္တာ၊ဖုန်း	ဆိုင်ကယ်၊တီဗွီ၊ ရေခဲသေတ္တာသေး၊ဖုန်း	ဆိုင်ကယ်၊စက်ဘီး၊ ဖုန်း	စက်ဘီး၊ ဖုန်း
အဓိကစီးပွားရေး လုပ်ငန်း	လယ်	ကုန်သည်၊ပွဲစား	ကျပန်း	ကျပန်း
အခြားပိုင်ဆိုင်မှု				
အိမ်ထောင်စု -၁၈၀	**၄၃(၂၄%)**	**၄၁(၂၃%)**	**၆၁(၃၄%)**	**၁၅(၁၉%)**

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စုစုပေါင်းအိမ်ထောင်စုမှာ(၁၈၀)အိမ်ရှိသည့်အနက် လယ်ယာလုပ်ကိုင်သော အိမ်ထောင်စုမှာ အနည်းငယ်သာရှိသည်။

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၁၀		
၃ လနှင့် ၅ လ အထိ	၁၈		
၆လ မှ ၁၂ လ အထိ			

ရင်းမြစ် .. ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ အဆင့်(၃) နှင့် (၄)၏ ၃၀% စီကောက်ယူထားသော စစ်တမ်းအရ(၁၂)လထိ ဝမ်းစာဖူလုံသောအိမ်ထောင်စုမှာ မရှိကြောင်း တွေ့ရှိရပါသည်။ ၎င်းတို့မှာ ဆွေမျိုး၊မိတ်ဆွေများနှင့် ငွေတိုးချေးပေးသူများထံမှ ချေးယူကာ ဖြေရှင်းနေကြပါသည်။

(၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက်		၁	၁
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၁၀		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	-		
အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အသက် ၆၀ နှစ်နှင့်အထက် မိသားစုစောင့်ရှောက်မှုမရှိသေးသော သက်ကြီးရွယ်အိုမှာ အမျိုးသမီး(၁)ဦးရှိပါသည်။ သို့သော် ရပ်ရွာမှ ပြုစုစောင့်ရှောက်ထားပါသည်။ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု(၁၀)စုရှိသော်လည်း အတော်အသင့်အဆင်ပြေသည်။

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	လတ်	
၂	သဘာဝရင်းမြစ်ရှားပါးမှု(မြေ၊စိုက်ပျိုးရေ)	လတ်	
၃	ရေကြီးခြင်း	နိမ့်	
၄	မိုးခေါင်ခြင်း	နိမ့်	
၅	အအေးလွန်ကဲခြင်း	နိမ့်	
၆	မုန်တိုင်း	လတ်	
၇	ငလျင်	လတ်	
၈	မီးဘေး	နိမ့်	
၉	ဆားငန်ရေဝင်မြေ	နိမ့်	
၁၀	မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု	နိမ့်	
၁၁	သစ်တောပြုန်းတီးခြင်း	နိမ့်	
၁၂	ငှက်ဖျားရောဂါ	လတ်	
၁၃	တီဘီရောဂါ	လတ်	
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	လတ်	ထိခိုက်မှုမရှိခြင်း

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁၅	ပြည်တွင်း ပဋိပက္ခ	လတ်	ထိခိုက်မှုမရှိခြင်း
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	လတ်	ထိခိုက်မှုမရှိခြင်း
၁၇	လူကုန်ကူးခြင်း	နိမ့်	ထိခိုက်မှုမရှိခြင်း
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည်	နိမ့်	ထိခိုက်မှုမရှိခြင်း
၁၉	အခြား		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ထိခိုက်နိုင်မှုမှာ သဘာဝဘေးအန္တရာယ် ကျရောက်မှုမရှိသော ကြောင့် ထိခိုက်နိုင်မှု အခြေအနေမှာနည်းပါးသည်။

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	မြင့်	မူးယစ်ဆေးဝါးသုံးစွဲသူများပြားခြင်း
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	လတ်	စားနပ်ရိက္ခာဖူလုံမှုမရှိခြင်း
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	နိမ့်	
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	နိမ့်	
၅	မြစ်ကမ်းဘေး နေထိုင်သူများ	နိမ့်	
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင် နေထိုင်သူများ	နိမ့်	
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူ များ (IDP)	နိမ့်	
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	နိမ့်	
၉	ငါးကန်ပိုင်ရှင်	နိမ့်	
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	မြင့်	
၁၁	လူနည်းစုလူမျိုးများ	နိမ့်	
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်	နိမ့်	

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
	နေထိုင်သူများ		
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	နိမ့်	
၁၄	ရွှေတွင်းလုပ်သား	နိမ့်	
၁၅	ဆေးစွဲသူများ	မြင့်	လူကြီး/လူငယ်သုံးစွဲနေခြင်း
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ	လတ်	
၁၇	လှည့်လည်သွားလာ၍စျေးရောင်းသူများ	လတ်	
၁၈	နေရပ်ပြန် အခြေချသူများ	နိမ့်	
၁၉	ရွှေ့ပြောင်းလုပ်သားများ	လတ်	
၂၀	ကားသမား	နိမ့်	
၂၁	အခြား		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လူငယ်အများစုသည် မူးယစ်ဆေးသုံးစွဲနေသူများဖြစ်သော်ကြောင့် လူငယ်အင်အားစုသည် ထိခိုက်နိုင်သော အခြေအနေဖြစ်ပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင်ဖွဲ့စည်းသူများ (၄/၅)	စွမ်းဆောင်နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၁	ရပ်မိ/ရပ်ဖ	၃	၅	၅	၁၀	ကဏ္ဍပေါင်းစုံ	၄	
၂	အမျိုးသမီးရေးရာ	၂		၁၅	၁၅	အမျိုးသမီးနှင့်ဆိုင်သော	၄	
၃	လူငယ်အဖွဲ့	၂	၅	၁၀	၁၅	သာရေး/နာရေး	၄	
၄	လယ်သမားအဖွဲ့	၁		၅	၅	စိုက်ပျိုးရေး	၄	
၅	လက်လုပ်လက်စား	၁		၅	၅	ကျပန်း	၄	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြံ့ုသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

လေ့လာတွေ့ရှိချက်။ ။ ရပ်ရွာတွင် ရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ ရပ်မှု၊ ရွာမှ နှင့်လူမှုရေးလုပ်ငန်းများ လုပ်ကိုင် ရန် ကျေးရွာလူထုကိုယ်တိုင်ဖွဲ့စည်းထားသော အဖွဲ့(၅)ဖွဲ့ရှိပါသည်။

(၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၁			
၂			
၃			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းလုပ်ကိုင်သော ပြင်ပအဖွဲ့အစည်းများမရှိပါ။

(၂.၂) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(၂.၂.၁) သီးနှံထုတ်လုပ်ရေး

(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၁၁၉	၆၆.၁	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၁	၀.၅	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧကထိ	၂၅	၁၄	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၂၉	၁၆.၁	အလယ်အလတ်စား တောင်သူ
၅	၁၂.၅ ဧက အထက်	၆	၃.၃	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၁၈၀**	**၁၀၀**	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာလုပ်ငန်းများလုပ်ကိုင်သော အိမ်ထောင်စုမှာ အနည်းစုသာဖြစ်သည်။

(၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	ရင်းမြစ်	အစိုးရ /ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု	
				တန်စပ်တော်လုံး/ ရာသီအလိုက်	လုံလောက်မှု (ရှိ/မရှိ)
၁	ဆည်	-			
၂	ရေလွှဲဆည်	-			
၃	မြစ်ရေတင်စီမံကိန်း	-			
၄	အဝီစိတွင်း	ပုဂ္ဂလိက	ရွာလုံးကျွတ်	တစ်နှစ်ပတ်လုံး	ရှိ
၅	လက်ငင် ရေတွင်း	ပုဂ္ဂလိက	ရွာလုံးကျွတ်	တစ်နှစ်ပတ်လုံး	ရှိ
၆	စိမ့်စမ်းရေ	-			
၇	ချောင်းရေ	ပုဂ္ဂလိက	ရွာလုံးကျွတ်	ရာသီအလိုက်	ရှိ
၈	အခြား	-			

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဝီစိတွင်း၊ လက်ငင်ရေတွင်းနှင့် ချောင်းရေများ ရရှိနိုင်သောကြောင့် ရပ်ရွာ၏ ရေရရှိနိုင်မှုအခြေအနေမှာ အဆင်ပြေပါသည်။

(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစု ပေါင်း စိုက် ကေ	သီးနှံထွက်မှု				သီးနှံ စိုက်ပျိုးသည့် ကာလ		သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/ မြင့်)	အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/ မြင့်)	မှတ် ချက်
		ယူ နစ်	အနည်း ဆုံး	အများ ဆုံး	ပျမ်းမျှ	မှ	ထိ			
စပါး	၁၉	၉၀	၈၀	၁၀၀	၉၀	၆ လ	၁၁ လ	လတ်	လတ်	
ပဲပုတ်	၁၅	၁၅	၁၀	၂၀	၁၅	၁၂လ	၄ လ	လတ်	လတ်	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

